dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

“ဒီဗွီဘီ ဒီဘိတ်” အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*“Should Sex Workers Protection be legalized?”*

ဖြစ်ပါတယ်။(ဒီဇင်ဘာ၊၅၊၂၀၁၅ ရိုက်ကူးသည်။)

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ " လိင်အလုပ်သမားတွေကို အကာအကွယ်ဖြစ်မယ့် ဥပဒေတွေ လိုအပ်နေပြီလား" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံအတွင်းမှာ ပွက်လောရိုက်သွားစေခဲ့သည့် ဥပဒေတင်သွင်းမှုများတွင် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်ရေး ဥပဒေတစ်ရပ် နှင့် ပြည့်တန်ဆာလုပ်ငန်းကို တရားဝင်လုပ်ကိုင်ခွင့်ပြုရေး တို့မှာ မြန်မာတို့အတွက် ဆင်မျူရယ်ဟန်တင်တန်ရေးသားခဲ့သော ယဉ်ကျေးမှုများတိုးတိုက်မိမှုကဲ့သို့ပင် မြန်မာတို့ ကိုးကွယ်ယုံကြည်ကြသောဘာသာရေး နှင့် မြန်မာ့ယဉ်ကျေးမှုတို့ကြား ကြီးကျယ်သောလွန်ဆွဲပွဲ တစ်ရပ်အဖြစ် ရှိလျက် ရှိနေပေသည်။အပျော်မယ်၊ဖိမ်မယ်၊ဘုရင့်ကိုယ်လုပ်တော်၊ပြည့်တန်ဆာ အစရှိသောမာနာမည်များဖြင့် ရှေးအဆက်ဆက်သော ဘုရင်မင်းများလက်ထက်မှ ယနေ့ထိတိုင် အခွင့်အရေးနှင့် အမည်နာမအမျိုးမျိုးတို့သာ ကွာခြား၍ တည်ရှိခဲ့သော် လည်း ပြည့်တန်ဆာလုပ်ငန်းမှာ ယနေ့မြန်မာနိုင်ငံ၌ တရားဝင်စီးပွားရှာသော လုပ်ငန်းတစ်ရပ်အဖြစ် ခွင့်ပြုထား ခြင်း မရှိပေ။

သို့သော်လည်း ထင်ရှားသည့် မြို့တော်တစ်ခုဖြစ်သည့် ရန်ကုန်မြို့တွင် ပန်းဆိုးတန်း၊သိမ်ကြီးဈေး၊ တံတားဖြူ စသည့်နေရာတို့မှာ အဆိုပါ လုပ်ငန်းဆောင်ရွက်သူတို့ ရှိတတ်သည့်နေရာများ အဖြစ် ပြီးခဲ့သော နှစ်များကအထိ အများစုတို့ အော်တိုသိထားကြသည့် နေရာများဟု ဆိုနိုင်ပေသည်။

ဈေးကွက်စီးပွားရေးစနစ်စတင်ကျင့်သုံးလာခဲ့ပြီးချိန်နှင့် ယနေ့ မိုလ်ဘိုင်းနှင့် အင်တာနက်များ ခေတ်စားချိန်တွင်မူ ဆယ်ကျော်သက်အများစုတို့သည်ပင် လိင်ကိစ္စနှင့် စပ်လျဉ်း၍ များစွာမစိမ်းတော့သည်ကို တွေ့ရှိလာရပေသည်။ ကျောင်းသားအရွယ်များကြား၊ ချစ်သူများနေ့ကဲ့သို့သော နေ့မျိုးတွင် တည်းခိုခန်း၊ ပန်းခြံတို့ကဲ့သို့သောနေရာများ၌ စည်ကားပြီး အခန်းပြည့်ဖြစ်နေလေ့ရှိ ကြောင်းလည်း သိရသည်။

ထို့အပြင် မိန်းကလေးများ အလုပ်အကိုင်တွင်လည်း ဇျူတီဆလွန်းတွင်လုပ်သည်ဟု ဆိုလိုက်သည်နှင့် အားလုံးအပေါ် သံသယအကြည့်များဖြင့်ကြည့်ရှုခံကြရခြင်းမှာ ယနေ့အချိန်တွင် နည်းပါးသွားပြီဖြစ်သော် လည်း ယင်းကိုအခြေခံ၍လုပ်ကိုင်မှုများရှိနေသေးခြင်းကြောင့် သို့လော သို့လောအကြည့်များ ရှိနေပေသေး သည်။ လက်ရှိတွင် စီးပွားရေးအရ ဧည့်ရိပ်သာများ၊ တည်းခိုခန်းအသစ်များ၊ ယင်းတို့နှင့်တွဲဖက်ထားသော စားသောက်ဆိုင်နှင့် KTV များကို ယခုနှစ်အတွင်း၌ ဆင်ခြေဖုံးကဲ့သို့သောနေရာများ တွင်ပါပို၍ ဖွင့်လှစ်လာကြခြင်း ကိုလည်း တွေ့ရလာရပေသည်။

မြန်မာနိုင်ငံတွင် ပြည့်တန်ဆာပပျောက်ရေးအဖြစ်နှိပ်ကွပ်ခဲ့သည့်ကာလများလည်းရှိခဲ့သော် လည်း ယနေ့ခါတွင်မူ  တည်းခိုခန်းများ၊ ဟိုတယ်များ၊နိုက်ကလပ်များ၊ KTV များကို ပုဂ္ဂလိက လုပ်ငန်းလိုင်စင်များချပေး၍ တရားဝင်လုပ်ကိုင်ခွင့်ပေးထားခြင်းကလည်း ပြည့်တန်ဆာလုပ်ငန်း အတွက် အထောက်အကူ ပြုခြင်းကြောင့် ယင်းလောကပိုမိုဖွံ့ဖြိုးတိုးတက်လာကြောင်းထောက်ပြ မှုများတွေ့ရပြီး ပြည့်တန်ဆာလုပ်ငန်းကို တရားဝင်အဖြစ်လုပ်ကိုင်ခွင့်ပေးခြင်းအပေါ် ယဉ်ကျေး မှု ရှုထောင့်အရနှင့် အားပေးခြင်းတစ်ခုကဲ့သို့ ဖြစ်မည်ကို စိုးရိမ်ကြသူများနှင့် ခေတ်အခြေ အနေအရ ခွင့်ပြုပေးခြင်းဖြင့် ရပိုင်ခွင့်နှင့် ကျန်းမာရေးရှုထောင့် စသည့်ဘက်တို့မှ အခြေအတင်ဖြစ်မှုများရှိနေပြီး လက်ရှိတွင်လည်း ယင်းလုပ်ငန်းဆောင်ရွက်သူများ အနေဖြင့်လည်း လက်ရှိနှိပ်ကွပ်သည့်ဥပဒေကြောင့် တရားမဝင်သူများအဖြစ် အမျိုးမျိုးသောဖိနှိပ်ခံရမှုတို့ကြောင့် အကာအကွယ်ဖြစ်စေမည့် ဥပဒေတစ်ရပ်လိုနေကြောင်း ဆိုလျက်ရှိရာ ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်အစီအစဉ်က အဆိုပါအကြောင်းအရာအပေါ် ဆွေးနွေးကြမည်ဖြစ်သည်။

**သူတို့အမြင်**

"ရဲတွေက ထောင်ဖမ်းတာ ရှိတယ်။ တည်းခိုခန်းကို ခေါ်သွားပြီး လိင် ဆက်ဆံပြီးမှ ဖမ်းတာရှိတယ်။ ပြီးတော့ လိင်လုပ်သားနဲ့ ဖောက်သည်နဲ့ အတူတူ ရှိနေတဲ့ အချိန်မျိုးမှာ ဝင်ဖမ်းတဲ့ အခါ မိန်းကလေးကိုကျတော့ ဖမ်းပြီး ဖောက်သည်ကို ကျတော့ သက်သေအဖြစ်ပဲ ယူတယ်။ အဲဒီသက်သေက ရဲစခန်းမှာပဲထွက်ဆိုပြီး တရားရုံးအထိပါမလာဘူး"

"ကျမတို့က လိင်လုပ်ငန်းကို တရားဝင်လုပ်ငန်း လုပ်ကိုင်ခွင့်ပေးပါဆိုပြီး တောင်းဆိုတာ မဟုတ်ပါဘူး။ ဒါကို လူတွေက အထင် လွဲနေတယ်။ အဓိကက ကျန်းမာရေး စောင့်ရှောက်မှုတွေကို တခြားသူတွေနဲ့ တန်းတူ ညီမျှ ရရှိရေး တောင်းဆိုတာပါ။ နှိပ်ကွပ်ရေး ဥပဒေထက်ကာကွယ်ရေး ဥပဒေ ဖြစ်သင့်ပါတယ်"

**ဒေါ်နှင်းနှင်းယု** - တော်ဝင်ခရေအဖွဲ့ ဥက္ကဋ္ဌ

"ကျွန်တော်တို့နိုင်ငံမှာတော့ ပြည့်တန်ဆာတွေအတွက် ဘာမှအခွင့်အရေးပေးထားတာမရှိပါဘူး။ ပြည့်တန်ဆာတွေဟာ အခက်အခဲမျိုးစုံကြားထဲမှာ အနိုင်ကျင့်မှုမျိုးစုံ၊လူ့ဘဝထဲက ကြည်ဖယ်မှုမျိုးစုံနဲ့ ဒီဘဝမှာရပ်တည်နေရတာပါ။"

"ဥက္ကဋ္ဌကြီးခင်ဗျား အမျိုးသမီးတစ်ယောက်ဟာ ဒီလောကထဲမှာ ထာဝစဉ်မရပ်တည် နိုင်ပါဘူး။ သူတို့ အရောင်အဆင်းကျလာတဲ့ အချိန်မှာ အပြင်လောကကိုရောက်မှာပါ။ အပြင် လောကမှာ သန်သန် မာမာ ရပ်တည်နိုင်ဖို့ လူ့ဘဝကိုပြန်ပြီး ဝင်ဆံ့နိုင်ဖို့အတွက်က ဒီလောကထဲ ရောက်ချိန်မှာ ဒဏ်ရာ ဒဏ်ချက် မကြီးဖို့ကာကွယ်စောင့်ရှောက်မှုတွေရဖို့  အမျိုးသမီးတွေအ တွက် အခြေအနေကောင်း တစ်ခုကို ဖန်တီးပေးဖို့ လိုအပ်နေပါပြီ"

**ဦးဖုန်းမြင့်အောင်** - အမျိုးသားလွှတ်တော်အမတ်

*Information links:*

www.burma.irrawaddy.org

www.dvbdebate.net